# ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”) ၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလအတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲဖတ်ရှုသင့်ပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြ ထားခြင်းမရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောကာလအား ဧပြီလ ၁ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ သို့ ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးနှစ်ကိုလည်း ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ ၆ လတာ ကာလ ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလ အဖြစ် သတ်မှတ်ခဲ့ပါသည်။ အောက်ဖော်ပြပါ သုံးသပ်ချက်များကို ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ ၆ လတာ ကာလ နှင့် ၂၀၂၁ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ၁၂ လတာ ကာလ တို့အား နှိုင်းယှဉ်ဖော်ပြထားပါသည်။

## ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက် နေ့ တွင် ကုန်ဆုံးသော ၆ လတာ ဘဏ္ဍာရေးကာလ နှင့် ၂၀၂၁ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ တွင် ကုန်ဆုံးသော ၁၂ လတာ ဘဏ္ဍာရေးနှစ်များအတွက် ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

| (Kyat) | **01-Oct-21 to 31-Mar-22** | **01-Oct-20 to 30-Sep-21** | **% Change** |
|---|---:|---:|---:|
| **Operating Revenue** | | | |
| Room Sales | 1,187,137,161 | 311,018,290 | **282%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 468,160,369 | 109,930,406 | **326%** |
| Other operating | 122,759,338 | 26,531,966 | **363%** |
| **Total** | **1,778,056,868** | **447,480,662** | **297%** |
| **Cost of Sales** | | | |
| Room and Balloon | 267,289,749 | 166,826,976 | **60%** |
| Food and Beverage | 287,942,402 | 127,042,288 | **127%** |
| Other operating | 13,216,961 | 7,218,268 | **83%** |
| **Total** | **568,449,112** | **301,087,532** | **89%** |

| | | | |
|---|---|---|---|
| **Gross Profit** | **1,209,607,756** | **146,393,130** | **726%** |
| **Other Income** | **1,154,956** | **2,000,439,778** | **-100%** |
| **Other Expense** | **(1,224,403,076)** | **8,477,430,096** | **-114%** |
| **EBITDA** | **2,435,165,788** | **(6,330,597,188)** | **-138%** |
| **EBIT** | **1,457,593,417** | **(8,438,791,712)** | **-117%** |
| **Interest Expense** | 1,009,219,558 | 1,611,671,310 | **-37%** |
| **Profit /(Loss) before Tax** | **448,373,859** | **(10,050,463,022)** | **-104%** |
| **Total Comprehensive Income** | **649,500,164** | **(10,024,094,822)** | **-106%** |

အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ အဓိကလုပ်ငန်းများဖြစ်ပါသည်။ အထူးသဖြင့် လုပ်ငန်းအုပ်စု၏ဝင်ငွေသည် လက်အောက်ခံကုမ္ပဏီများဖြစ်သော ၉၉.၉၉ ရာခိုင်နှုန်း အစုရှယ်ယာပိုင်ဆိုင်သည့် UIG ကုမ္ပဏီနှင့် လုပ်ငန်းစုမှ ၅၁ ရာခိုင်နှုန်း အစုရှယ်ယာပိုင်ဆိုင်သည့် MB ကုမ္ပဏီများမှ ရရှိပါသည်။ ဝင်ငွေများကို ခွဲခြမ်းစိတ်ဖြာ ကြည့်မည်ဆိုလျှင် ဟိုတယ်နှင့် လူစီးမီးပုံးပျံလုပ်ငန်းများမှ ရသောဝင်ငွေ၊ အစားအသောက်နှင့် အဖျော်ယမကာ (Food & Beverage) မှ ရသောဝင်ငွေနှင့် အခြား (spa operations, guest laundry, souvenir, etc.) မှရသောဝင်ငွေများဟူ၍ ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက် နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလ အား စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကျွန်ုပ်တို့၏ လုပ်ငန်းမှရရှိသောဝင်ငွေသည် ၂၉၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ လူစီးမီးပုံးပျံလုပ်ငန်းသည် ယခုနှစ်တွင်လည်းပြန်လည်ပျံသန်းနိုင်ခြင်းမရှိသည့်အတွက် ၎င်းမှ passenger income ရရှိခဲ့ခြင်း မရှိခဲ့သော်လည်း ဟိုတယ်အချို့ကို ပြန်လည်ဖွင့်လှစ် လုပ်ကိုင်နိုင်ခဲ့သောကြောင့် အခန်းငှားရမ်းခဝင်ငွေများ ပြန်လည်မြင့်တက်လာခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းဝင်ငွေများနှင့် ဆက်စပ်သော တိုက်ရိုက်ကုန်ကျစရိတ်များ (Cost of Sales) သည်လည်း ၈၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ လုပ်ငန်းအုပ်စု၏ ဝင်ငွေများတိုးလာခြင်း ၊ တိုက်ရိုက်ကုန်ကျစရိတ်များကို သေချာစွာ စီစစ်သုံးစွဲခဲ့သောကြောင့် ယခုနှစ်၏ အကြမ်းအမြတ်မှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၇၂၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အခြားဝင်ငွေ (Other Income) မှာမူ ၁၀၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထိုသို့ကျဆင်းခဲ့ခြင်း၏ အကြောင်းအရင်းမှာ ယခင်နှစ်၏ အခြားဝင်ငွေထဲတွင် United International Group Limited မှ Amata International Company Limited (AIC) သို့ အင်းလေးဟိုတယ်၏ ပိုင်ဆိုင်မှုများ လွှဲပြောင်းခြင်းအတွက် ပေးရန်ရှိသော ကျပ် ၂ ဘီလီယံကို စာရင်းချေမှု (written off) ပါဝင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၂၁ခုနှစ် စက်တင်ဘာလနှောင်းပိုင်းမှစ၍ ပြည်တွင်း Covid-19 ရောဂါကူးစက်ပျံ့ပွားမှုကျဆင်းလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှုများ၊ ရောဂါကာကွယ်ခြင်းနှင့်ပက်သက်၍ နေထိုင်ရမည့်နည်းလမ်းများ

သိရှိလာခြင်းတို့ကြောင့် ရောဂါပျံ့ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ဟိုတယ်အချို့ကို Covid-19 ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အမြတ်အစွန်းရရှိမှုတို့မှာ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ အခြားကုန်ကျစရိတ်များဖြစ်သော Sales & Marketing ကုန်ကျစရိတ်များ၊ စီမံရေးရာနှင့် အထွေထွေကုန်ကျစရိတ်များမှ ဖြစ်ပေါ်လာသည့် စရိတ်သည် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးကာလတွင်လည်း ကျဆင်းခဲ့ပါသည်။ ရလဒ်အနေဖြင့် ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် ဝင်ငွေများ မြင့်တက်လာခဲ့သော်လည်း ယင်းနှင့်ဆက်စပ်သော တိုက်ရိုက်ကုန်ကျစရိတ်များ (Cost of Sales) များမှာ ဝင်ငွေမြင့်တက်သည့် အချိုးကဲ့သို့ မြင့်တက်ခြင်းမရှိခဲ့ပါ။ စီမံခန့်ခွဲမှုအဖွဲ့၏ စရိတ်လျှော့ချသည့်အစီအမံများကြောင့် ကုန်ကျစရိတ်များကို ထိန်းချုပ်နိုင်ခဲ့ပြီး အထူးအားဖြင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းများ ကျဆင်းလာခြင်းကြောင့် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်းအမြတ် ၁.၈၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ကုမ္ပဏီ၏ စုစုပေါင်းအကြမ်းအမြတ်နည်းတူ ကုမ္ပဏီ၏ နှစ်တစ်နှစ်အတွက်စုစုပေါင်းအသားတင်အမြတ် (Total Comprehensive Income) မှာလည်း ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၁၀ ဘီလံယံ အရှုံးပေါ်ခဲ့သော်လည်း ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင်မူ ကျပ် ၀.၆၅ ဘီလီယံမြတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ အရှုံးအမြတ်စာရင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများကြောင့် ပေါ်ပေါက်လာသော အရှုံးအမြတ်များ နှင့် အင်းလေးဟိုတယ်၏ ပိုင်ဆိုင်မှုများ လွှဲပြောင်းခြင်းအတွက် စာရင်းချေမှု (written off) ပါဝင်ခဲ့ပြီး ယင်းတို့ကို ထည့်သွင်းမစဉ်းစားပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် လုပ်ငန်းအုပ်စု၏ အရှုံးမှာ ၇၃ ရာခိုင်နှုန်း သက်သာခဲ့ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---|---|---|
| **Total Comprehensive Income** | **649,500,164** | **(10,024,094,822)** | |
| other income adjustment | **-** | **(2,000,000,000)** | |
| Exchange rate adjustment | **(1,878,988,993)** | **7,414,962,518** | |
| **Net loss - Operational** | **(1,229,488,829)** | **(4,609,132,304)** | **-73.3%** |

## နိုင်ငံခြားငွေကြေးလဲလှယ်မှုအမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စုသည် Hotel Industry ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ယေဘုယျအားဖြင့် ငွေကြေးလဲလှယ်မှုဆုံးရှုံးနိုင်ခြေ (exchange rate risk) နှင့် ရင်ဆိုင်ရလေ့ရှိပါသည်။ ယခုစာရင်းရေးဆွဲသော ဘဏ္ဍာရေးကာလတွင် နိုင်ငံခြားငွေကြေး လဲလှယ်နှုန်းများ မထင်မှတ်ထားဘဲ ကျဆင်းလာခဲ့ခြင်းကြောင့် ကျွန်ုပ်တို့လုပ်ငန်းအုပ်စုအတွက်

ကြီးမားသော နိုင်ငံခြားငွေကြေးလဲလှယ်မှုအမြတ် ဖြစ်ပေါ်လာပါသည်။ ၎င်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလရှင်းတမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါက တွေ့မြင်နိုင်ပါသည်။ အောက်ဖော်ပြပါ ယခုနှစ် ဘဏ္ဍာရေးရှင်းတမ်းမှ ကောက်နုတ် ဖော်ပြထားသော ဇယားကို ကြည့်မည်ဆိုပါက နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုနှင့် အညီလိုက်၍ ပြန်လည်တန်ဖိုးသင့်ရာမှ ပေါ်ပေါက်လာသည့် အမြတ် (Exchange Gain - Unrealized) ၁.၈၈ ဘီလီယံတွင် နိုင်ငံခြားချေးငွေကြောင့် ဖြစ်ပေါ်သည့်အမြတ် ၁.၅၉ ဘီလီယံ သည် အဓိကအားဖြင့် ပါဝင်နေပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 |
|---|---:|---:|
| Ex rate differential - realized | **(57,380,075)** | **(4,465)** |
| Ex rate differential - unrealized | **(1,878,988,993)** | **7,414,962,518** |
| **Total** | **(1,936,369,068)** | **7,414,958,053** |

### ၂။ ဘဏ္ဍာရေးအခြေအနေ

**လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါဝင်ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့်များ ၉ ရာခိုင်နှုန်း မြင့်တက်လာရခြင်းမှာ ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) စရိတ်ပြထားသော်လည်း ယခုနှစ် ပုံသေပိုင်ပစ္စည်းများထဲတွင် Amata Resort & Spa (Andaman – Phoni ) ဟိုတယ်တွင် အသစ်တည်ဆောက်ပြီးစီးသည့် ဘန်ဂလို (၁၀)ခန်းနှင့် My Hpa-An Residence By Amata ၏ ရေကူးကန်အသစ်များ ပါဝင်လာခြင်း နှင့် စာရင်းသွင်း စံနှုန်းများအရ ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပိုင်ဆိုင်မှုကိုအသုံးချပိုင်ခွင့် (Right of use assets) တိုးလာခြင်း ကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---:|---:|---:|
| **Non-current Assets** | **53,651,830,743** | **49,280,952,903** | **9%** |

**လက်ငင်းရပိုင်ခွင့်များ (Current Assets)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့်ငွေသားကဲ့သို့သောအလားတူများ (cash and cash equivalents) များပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလအတွင်း ၈၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအကြောင်းအရင်းမှာ လုပ်ငန်းအုပ်စု၏ရရန်ပိုင်ခွင့်များ ၆၁ ရာခိုင်နှုန်းတိုးခဲ့သော်လည်း ပတ်သက်ဆက်နွယ်သူများ ထံမှရရန်ရှိများ မှာ ၁၀၀ ရာခိုင်နှုန်း ကျဆင်းမှု မှာ ပိုမိုခဲ့သောကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---|---|---|
| **Current Assets** | **501,797,957** | **3,597,069,270** | **-86%** |

**လက်ငင်းပေးရန်တာဝန်များ (Current Liabilities)**

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်းပေးရန်ရှိသည်များ၊ ပေးရန်တာဝန်ရှိများ၊ ကြိုတင်အသုံးပြုထားသောစရိတ်များ အတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသောစရံငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ နှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့် အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် လက်ငင်းပေးရန်တာဝန်မှာ ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ Amata Resort & Spa (Andaman – Phoni ) ဟိုတယ်တွင် ဘန်ဂလို (၁၀)ခန်းနှင့် My Hpa-An Residence By Amata ၏ ရေကူးကန်အသစ်များ တည်ဆောက်ခဲ့ခြင်းကြောင့် ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ ၂.၃၇ ဘီလီယံ မြင့်တက်လာခြင်း နှင့် နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီ ၁.၀၉ ဘီလီယံ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---|---|---|
| **Current Liabilities** | **14,000,620,872** | **12,117,196,735** | **16%** |

## လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားလက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များအပြင် စာရင်းသွင်းစံနှုန်းများအရ ကာလရှည်မြေငှားရမ်းခြင်းကြောင့်ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ကုမ္ပဏီတွင်နိုင်ငံခြားငွေဖြင့် ချေးယူထားသော ကာလရှည်ချေးငွေမှာ ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင်ကျပ်ငွေ ၁၄.၃၀ ဘီလီယံနှင့် ညီမျှသော ပမာဏရှိပါသည်။ ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဥ်ကြည့်ပါက ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်မှာ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ လာမည့် နှစ်တွင်ပေးဆပ်ရမည့် ကြွေးမြီအား လက်ငင်းပေးရန်ရှိတာဝန် သို့ ဖော်ပြထားခြင်း နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ယခု ဘဏ္ဍာရေးကာလတွင်ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---|---|---|
| **Non-current Liabilities** | **15,571,457,171** | **17,682,221,610** | **-12%** |

## ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသောအမြတ်ငွေလက်ကျန် (retained earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသောအကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဥ်ကြည့်ပါက ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုလက်ရှိ ဘဏ္ဍာရေးကာလတွင် ကုမ္ပဏီသည် ဟိုတယ်အချို့ပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုတို့ကြောင့် အမြတ်တိုးလာခြင်း နှင့် အစုရှယ်ယာရှင်၏ထုတ်ယူရန်ကျန်ရှိသည့်အမြတ်ဝေစု တို့ကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial Period ended 31 March 2022 | Financial Year ended 30 September 2021 | % Change |
|---|---|---|---|
| **Total Equity** | **24,581,550,657** | **23,078,603,828** | **7%** |

## ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

၂၀၂၀ ခုနှစ် အစောပိုင်းတွင် ကြုံတွေ့ခဲ့ရသည့် COVID-19 ရောဂါကူးစက်မှုများ၊ လက်ရှိဖြစ်ပွားနေသော မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများတွင် အပြင်းထန်ဆုံးသောစိန်ခေါ်မှုများစွာ ရင်ဆိုင်ခဲ့ရပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလတွင် ၂၀၂၁ခုနှစ် စက်တင်ဘာလနှောင်းပိုင်းမှစ၍ ပြည်တွင်း Covid-19 ရောဂါကူးစက်ပျံ့ပွားမှုကျဆင်းလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှုများ၊ ရောဂါကာကွယ်ခြင်းနှင့်ပက်သက်၍ နေထိုင်ရမည့်နည်းလမ်းများ သိရှိလာခြင်းတို့ကြောင့် ရောဂါပျံ့ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ဟိုတယ်အချို့ကို Covid-19 ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်နိုင်ခဲ့ပါသည်။ သို့သော် မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ဟိုတယ်အချို့ကိုသာ ဖွင့်လှစ်နိုင်ခဲ့ပြီး မျှော်မှန်းထားသလောက် ဝင်ငွေ နှင့် အမြတ်အစွန်းများ မရရှိခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်လာမည့်အချိန်တိုင်အောင် လုပ်ငန်းလည်ပတ်စရိတ် နှင့် အခြား စရိတ်စကများ လျှော့ချခြင်းနှင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ၊ အရောင်းမြှင့်တင်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျှက်ရှိပြီး၊ ပြောင်းလဲနေသော စီးပွားရေးအခြေအနေနှင့် လိုအပ်ချက်များနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်ပြီး အစုရှယ်ယာရှင်များ၏အကျိုးစီးပွားကို ကာကွယ်ရန်ကြိုးပမ်းလျက်ရှိသည်။

ကုမ္ပဏီအနေဖြင့် အကြပ်တည်းကာလအတွင်း၌ ၂၀၁၇ ခုနှစ်ကစတင်ထားသော Amata Resort & Spa (Andaman) ဖိုးနီကျွန်းပေါ်ရှိ ဟိုတယ်ပရောဂျက်မှ ကိုယ်ပိုင်ရေကူးကန်ပါ အဆင့်မြင့်ဘန်ဂလို အခန်း (၁၀)ခန်းကို ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ၊ ၁ရက်နေ့တွင် အပြီးသတ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အပြင် My Hpa-An Residence By Amata ဟိုတယ်တွင်လည်း (၂၅′ x ၅၀′) အကျယ်အဝန်းရှိရေကူးကန် အသစ်ကိုလည်းတိုးချဲ့တည်ဆောက်နိုင်ခဲ့ပါသည်။

လုပ်ငန်းအုပ်စု၌ ဟိုတယ်လုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ချေးငွေဖြင့် ဘဏ္ဍာငွေဖြည့်တင်းထားသည့် နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေရှိပါသည်။ သို့သော်ငြားလည်း ၎င်းချေးငွေမှာ ကာလရှည်ဖြစ်ပြီး လုပ်ငန်းအုပ်စုအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်မှု အချိန်ဇယားအား ပြန်လည်ပြင်ဆင်ရန် ချေးငွေပေးသူနှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်။ နောက်ဆုံးတင်သွင်းသည့်နေ့စွဲအရ လုပ်ငန်းအုပ်စု၏ စီမံအုပ်ချုပ်မှုအဖွဲ့သည် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းကြီးထွားလာမှုအပေါ်မူတည်၍ လုပ်ငန်းအုပ်စု၌ ပေးရန်ရှိသော ကာလတိုနှင့် ကာလရှည် ချေးငွေများကို သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ပေးဆပ်နိုင်မည်ဟု ယုံကြည်ပါသည်။

မြိတ်ကျွန်းစုရှိ ဖိုးနီကျွန်းပေါ်တွင် Amata Resort & Spa (Andaman)ဟိုတယ်အသစ်ကို ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ၊ ၁ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သော်လည်း အဆိုပါဟိုတယ်သည် ဖိုးနီကျွန်းပေါ်တွင်သီးသန့်တည်ရှိခြင်း၊ သဘာဝသယံဇာတများကို သေချာစွာထိန်းသိမ်း စောင့်ရှောက်ထားသဖြင့် ရေပေါ်၊ရေအောက် သဘာဝအလှတရားများကို ခံစားနိုင်ခြင်း၊

စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ခြင်းတို့ကြောင့် ဧည့်သည်တော်များ၏ နှစ်ခြိုက်မှုကိုများစွာရရှိခဲ့ပြီး လာမည့်ခရီးသွားကာလတွင် လုပ်ငန်းအုပ်စု၏ဝင်ငွေကို ပိုမိုတိုးတက်လာစေမည်ဟုခန့်မှန်းထားပါသည်။လာမည့်ကာလများတွင် ပြည်တွင်း Covid-19 ရောဂါကူးစက်ဖြစ်ပွားမှု ကျဆင်းလာမှုနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများ ပြန်လည်ဦးမော့လာနိုင်ပြီး လုပ်ငန်းအုပ်စုအနေဖြင့်လည်း ဟိုတယ်များဖွင့်လှစ်ခြင်း၊ လူစီးမီးပုံးပျံ ပျံသန်းခြင်းကို လာမည့်ခရီးသွားကာလတွင် မမျှော်မှန်းနိုင်သော အခြေအနေများဖြစ်ပေါ်သည်မှအပ ပြန်လည်စတင်ရန်ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအုပ်စု၏ဝင်ငွေများပိုမိုတိုးတက်လာပြီး ရှေ့အလားအလာကောင်းများရရှိစေရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ